International
Labour
Organization

# ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ကြားရေး အစီအစဉ် သင်ခန်းစာပေါင်းချုပ်

## အခန်းကြီး – ၆။ အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများအား ခိုင်းစေခြင်း ဖြစ်စဉ်များအတွက် ဖယ်ရှားခြင်းနှင့်ကုစားခြင်း

ဤသင်ခန်းစာသည် WFCL ဖြစ်စဉ်များအား မည်သို့ဖြေရှင်းမည်နှင့် ကလေးသူငယ်များ၏ အခွင့်အရေးများအား လေးစားမှုရှိရှိဖြင့် ဘေးကင်းလုံခြုံသော အနေအထားတွင် ကုစားမှုများအား မည်သို့ပေးရမည်ကို အခြေခံဗဟုသုတများ မျှဝေပေးသွားမည်ဖြစ်သည်။



© အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ၂၀၂၄
ပထမအကြိမ်ထုတ်ဝေခြင်း ၂၀၂၄

Attribution 4.0 International (CC BY 4.0)

ဤစာအုပ်သည် Creative Commons ပိုင်ဆိုင်ခွင့်အမှတ် ၄.၀ နိုင်ငံတကာလိုင်စင်ဖြင့် ဆောင်ရွက်ခဲ့သော စာအုပ်ဖြစ်ပါသည်။ ဤလိုင်စင်မိတ္တူကိုကြည့်ရှုရန် ကျေးဇူးပြု၍ https://creativecommons.org/licences/by/4.0/ သို့ ဝင်ရောက်ကြည့်ရှုပါ။ အသုံးပြုသူများအနေဖြင့် ဤမူရင်းစာအုပ်ကို အခြေခံ၍ အသေးစိတ်ဖော်ပြထားသည့်အတိုင်း ပြန်လည်အသုံးပြုခြင်း၊ ဝေမျှခြင်း (ကူးယူခြင်းနှင့်ပြန်လည်ဖြန့်ဝေခြင်း)၊ လိုက်လျောညီထွေဖြစ်အောင် (ပြန်လည်ပေါင်းစပ်ခြင်း၊ အသွင်ပြောင်းခြင်းနှင့် လိုအပ်သလို ပြင်ဆင်အသုံးပြုခြင်းများ)ကို ခွင့်ပြုထားပါသည်။ အသုံးပြုသူသည် အိုင်အယ်လ်အို ကို ဤမူရင်းစာအုပ်၏ ပိုင်ရှင်အဖြစ် ရှင်းလင်းစွာ အသိအမှတ်ပြုဖော်ပြရမည် ဖြစ်ပြီး မူရင်းအကြောင်းအရာအား အပြောင်းအလဲများ ပြုလုပ်ထားခြင်း ရှိမရှိဖော်ပြရပါမည်။ ဘာသာပြန်ဆိုခြင်း၊ လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း သို့မဟုတ် ဆင့်ပွားလုပ်ဆောင်ခြင်းများ နှင့် ဆက်စပ်၍ အိုင်အယ်လ်အို ၏ အမှတ်တံဆိပ်၊ အမည်နှင့် လိုဂိုကို အသုံးပြုခြင်းအား ခွင့်မပြုပါ။

**မူရင်းပိုင်ဆိုင်မှု** – အသုံးပြုသူသည် အပြောင်းအလဲများ ပြုလုပ်ထားခြင်းရှိမရှိ နှင့် စာအုပ်ကို အောက်ပါအတိုင်း ကိုးကားဖော်ပြရမည်။ **ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်၊ သင်ခန်းစာ(၄) အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများအားခိုင်းစေခြင်းဖြစ်စဉ်များအတွက် ဖယ်ရှားခြင်းနှင့်ကုစားခြင်း။** ရန်ကုန်၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၊ ၂၀၂၄။ © ILO။

**ဘာသာပြန်ဆိုခြင်း–** ဤစာအုပ်ကို ဘာသာပြန်ဆိုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြ ချက်ကို ထည့်သွင်းဖော်ပြရမည်။ ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ (ILO) ၏ မူပိုင်ခွင့်ရထားသော ဘာသာပြန်ဆိုမှုဖြစ်သည်။ ဤဘာသာပြန်ဆိုမှုကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင်ဘာသာပြန်ဆိုမှုအဖြစ် မယူဆနိုင်ပါ။ ဤဘာသာပြန်ဆိုမှုတွင် ပါဝင်သည့် အကြောင်းအရာများနှင့် တိကျမှုအတွက် ILO တွင် တာဝန်မရှိပါ။ ဘာသာပြန်ရေးသားသူ (များ) တွင်သာ တာဝန်ရှိပါသည်။

**လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်း –** ဤစာအုပ်ကို လိုအပ်သလိုပြင်ဆင်အသုံးပြုမည်ဆိုပါက မူရင်းပိုင်ဆိုင်သူကိုဖော်ပြခြင်းနှင့်အတူ အောက်ဖော်ပြပါ မသက်ဆိုင်ကြောင်း ဖော်ပြချက်ကို ထည့်သွင်းဖော်ပြရမည်။ "ဤစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ (ILO) ၏ မူရင်းစာအုပ်ကို လိုအပ်သလို ပြင်ဆင်အသုံးပြုထားခြင်းဖြစ်ပါသည်။ ဤသို့ပြောင်းလဲပြင်ဆင်ထားမှုများကို ILO မှ ပြင်ဆင်ထားခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ထောက်ခံအတည်ပြုပေးထားခြင်း မဟုတ်ဘဲ ILO ၏ တရားဝင် လိုအပ်သလိုပြင်ဆင်အသုံးပြုခြင်းအဖြစ် မယူဆနိုင်ပါ။ ပြောင်းလဲ ပြင်ဆင်အသုံးပြုခဲ့သူ သို့မဟုတ် ပြင်ဆင်သူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။

**တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းမရှိသည့် ပစ္စည်းများ –** ဤ Creative Commons လိုင်စင်သည် ဤထုတ်ဝေမှုတွင် ပါဝင်သော ILO မဟုတ်သော မူပိုင်ခွင့်ပစ္စည်းများနှင့် သက်ဆိုင်ခြင်းမရှိပါ။ အကယ်၍ ပါဝင်ပစ္စည်းများသည် ပြင်ပအဖွဲ့အစည်းနှင့် သက်ဆိုင်ပါက၊ အခွင့်အရေးများကို ကိုင်ဆောင်ထားသူများနှင့် ချိုးဖောက်မှုဆိုင်ရာ တောင်းဆိုချက်များအတွက် ထိုပစ္စည်းများကို အသုံးပြုသူများထံတွင်သာ အပြည့်အဝတာဝန်ရှိပါသည်။
ဤလိုင်စင်အောက်တွင် ပေါ်ပေါက်လာသော ငြိမ်းချမ်းစွာ ဖြေရှင်း၍မရသော အငြင်းပွားမှုမှန်သမျှသည် ကုလသမဂ္ဂ နိုင်ငံတကာ ကုန်သွယ်မှုဥပဒေ (UNCITRAL) ၏ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ခြင်းသို့ ရည်ညွှန်းမည်ဖြစ်ပါသည်။ အဆိုပါအငြင်းပွားမှု၏နောက်ဆုံး အဆုံးအဖြတ်အဖြစ် ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ခြင်း၏ရလဒ်အဖြစ် တင်ပြသည့် မည်သည့်အနုညာတစီရင်ဆုံးဖြတ်မှုသည် အသုံးပြုသူများ၊ ပြင်ပအဖွဲ့အစည်းများနှင့်သာ အကျုံးဝင်ပါသည်။
အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာကိစ္စရပ်များကို စုံစမ်းမေးမြန်းလိုပါက ILO ၏ ထုတ်ဝေမှုဆိုင်ရာဌာန (အခွင့်အရေးများနှင့် လိုင်စင်ဆိုင်ရာ ကိစ္စရပ် များ)၊ rights@ilo.org သို့ အီးမေးလ်ပို့၍ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။ ILO၏ ထုတ်ဝေမှုများနှင့် ဒစ်ဂျစ်တယ်ထုတ်ကုန်များဆိုင်ရာ အချက်အလက်များကို www.ilo.org/publns တွင် ရယူနိုင်ပါသည်။

---

ISBN: 9789220390160 (print); 9789220390177 (web PDF)
**English ဘာသာဖြင့်လည်းရနိုင်သည်:** E–learning programme on child labour pack.
ISBN: 9789220390146 (print); 9789220390153 (web PDF)

---

ILO ၏ထုတ်ဝေမှုများနှင့်သိမ်းဆည်းထားသောအချက်အလက်များတွင် ရွေးချယ်ခန့်ထားမှုများသည် ကုလသမဂ္ဂအဖွဲ့၏ အစဉ်အလာ သတ်မှတ်ချက်များနှင့် ကိုက်ညီပြီး ထည့်သွင်းဖော်ပြထားသည့် အကြောင်းအရာများသည် မည်သည့်နိုင်ငံ၊ ဧရိယာ သို့မဟုတ် နယ်ပယ် သို့မဟုတ် သက်ဆိုင်ရာအာဏာပိုင်များ၊ ယင်းနိုင်ငံ၏ နယ်နိမိတ် ကန့်သတ်ချက်များ နှင့်သက်ဆိုင်သော ဥပဒေအကြောင်းခြင်းရာများအပေါ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ရုံး၏ထင်မြင်ယူဆချက်များကို ဖော်ပြထားခြင်း မဟုတ်ပါ။
ဤထုတ်ဝေမှုတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များနှင့် အမြင်များသည် စာရေးသူ(များ) ၏ အမြင်များဖြစ်ပြီး ILO ၏ ထင်မြင်ယူဆချက်များ၊ အမြင်များ သို့မဟုတ် မူဝါဒများကို သေချာပေါက် ထင်ဟပ်နေမှုများ မဟုတ်ပါ။
စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၏ အမည်များကို ကိုးကားဖော်ပြခြင်းများသည် ILO ရုံးမှ ထောက်ခံအတည်ပြုပေးထားခြင်းမဟုတ်ဘဲ ထိုသို့သော စီးပွားရေးလုပ်ငန်းများ၊ ကုန်ပစ္စည်းများ၊ လုပ်ငန်းများ၏ အမည်များကို မဖော်ပြခြင်းသည် လည်း သဘောမတူကြောင်း ပြသခြင်းမဟုတ်ပါ။

---

မျက်နှာဖုံးဓာတ်ပုံ – © ခွန်းသူရ/အိုင်အယ်လ်အို
ရုပ်ပုံထည့်သွင်းဖော်ပြခြင်း © RICE Communication Private Limited၊ ရန်ကုန်၊ မြန်မာ။
မြန်မာနိုင်ငံတွင်ပုံနှိပ်သည်။

# ကျေးဇူးတင်လွှာ

ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ် သင်ခန်းစာများကို အိုင်အယ်လ်အိုမှ အကြံပေးပုဂ္ဂိုလ် Birgitte Krogh–Poulsen, မှ အသေးစိတ် ပြင်ဆင်ထားသည်။ အိုင်အယ်လ်အို ဆက်သွယ်ညှိနှိုင်းရေးအရာရှိရုံးမှ ဝန်ထမ်းများဖြစ်ကြသော စီလင်းဘာနဲစာ (နည်းပညာအကြံပေးအရာရှိ)၊ လွဲကေခိုင်၊ စောဆာကပေါ၊ ခွန်ဆာမွန်းထွယ်၊ နော်မူးမူစိုး၊ ပီရာမာ(လ်)ပီချိုင်ဝန်း (ဒုတိယဆက်သွယ်ညှိနှိုင်းရေးအရာရှိ) နှင့်၊ အန်းဘွိုင် တို့မှ နည်းပညာအထောက်အပံ့ဖြင့် ပါဝင်ကူညီပေးထားကြသည်။

ဤထုတ်ဝေမှုကို အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန (USDOL) က ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက် အမှတ် IL–25263–14–75–K အရ “မြန်မာနိုင်ငံ ကလေးအလုပ်သမားအလုပ်သမားပပျောက်ရေး အစီအစဉ် (My–PEC)” (MMR/13/10/USA) ရန်ပုံငွေပေးအပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ My–PEC စီမံကိန်း၏ တစ်ရာ ရာခိုင်နှုန်းသော ကုန်ကျ စရိတ်များကို ပြည်ထောင်စုရန်ပုံငွေမှ အပြည့်အဝထောက်ပံ့ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ (၉၁၅၀၀၀၀) ရှိပါသည်။ ဤထုတ်ဝေမှုကို “အာရှဒေသတွင်းကလေးအလုပ်သမားဆိုင်ရာ စီမံချက်”(ARC) (RAS/19/04/GBR)၊ အိုင်အယ်လ်အိုစီမံချက်မှတဆင့် ယူကေနိုင်ငံအစိုးရ၊ Foreign Commonwealth and Development Office (FCDO)တို့မှ ပူးပေါင်းထောက်ပံ့ထားသည်။ ကျန်းမာရေး၊ အလုပ်သမားနှင့်ဖူလုံရေး ဝန်ကြီးဌာန၊ ဂျပန်အစိုးရ၏စီမံကိန်းဖြစ်သည့် “ပညာရေးထောက်ပံ့မှုဖြင့် ကလေးအလုပ်သမားလျှော့ချ ရရှိရေး– စိုက်ပျိုးရေးကဏ္ဍတွင် အဆိုးရွားဆုံးကလေး အလုပ်သမားပုံစံများ လျှော့ချရေးအစီအစဉ် (ARISE)” (RAS/19/07/JPN) မှလည်း ပူးပေါင်းထောက်ပံ့ထားပါသည်။

ဤထုတ်ဝေမှုသည် အမေရိကန်ပြည်ထောင်စု အလုပ်သမားရေးရာဌာန၏ မူဝါဒများ သို့မဟုတ် အမြင်ရှုထောင့်များကို ထင်ဟပ်ဖော်ပြထားခြင်း မဟုတ်ဘဲ ထည့်သွင်းဖော်ပြထားသည့်  ကုန်သွယ်ရေးဆိုင်ရာ အမည်နာမများ၊ စီးပွားရေးထုတ်ကုန်များ သို့မဟုတ် အဖွဲ့အစည်းအမည်များသည်လည်း အမေရိကန်ပြည်ထောင်စုအစိုးရမှ ထောက်ခံအတည်ပြုထားသော အမည်များကို ညွှန်းဆိုဖော်ပြထားခြင်းမဟုတ်ပါ။

# အကြောင်းအရာများ


**သင်ခန်းစာ ၁**

လူကြီးများက ကျွန်တော်တို့စကားအား နားထောင်ရန်လိုအပ်သည်။ ........................................ ၁

**သင်ခန်းစာ ၂**

လေ့လာရခြင်း၏ရည်ရွယ်ချက်များ ........................................................................ ၃

**သင်ခန်းစာ ၃**

အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များ၏ အခြေခံမူများ ........................................................ ၄

**သင်ခန်းစာ ၄**

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း၏ အလွန် ............................................. ၇

**သင်ခန်းစာ ၅**

အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများအား ခိုင်းစေခြင်းဖြစ်စဉ်များအား .......................... ၁၂
စီမံခန့်ခွဲခြင်း

**သင်ခန်းစာ ၆**

မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း .......................................................................... ၁၅

**သင်ခန်းစာ ၇**

အနှစ်ချုပ် ...................................................................................................... ၁၇

**နောက်ဆက်တွဲ အဖြေများ** ........................................................................... ၁၉

သင်ခန်းစာ ၁/၇

# လူကြီးများက ကျွန်တော်တို့စကားအား နားထောင်ရန်လိုအပ်သည်။

## ကျွန်ုပ်တို့ရဲ့ အခြေခံအခွင့်အရေးတွေက ဘာလဲ။

ဖိုးဝ၊ နိုးနိုးနဲ့ မိုဟာမက်တို့သည် ၎င်းတို့အခွင့်အရေးများအကြောင်းကို နားလည်သွားကြပြီဖြစ်သည်။
သူတို့အကြောင်းကို သိရှိနားလည်ရန် အောက်ပါဇာတ်လမ်းကို ဖတ်ရှုပါ။






ဖိုးဝ၊ နိုးနိုး နှင့် မိုဟာမက် တို့အားသင့်အနေဖြင့် မည်သို့တုံ့ပြန် မည်နည်း။

သင်ခန်းစာ ၂/၇

# လေ့လာရခြင်း၏ရည်ရွယ်ချက်များ



အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း (WFCL) ဖြစ်စဉ်များအား ကိုင်တွယ်ဖြေရှင်းရာတွင် အထူးတလည် ထည့်သွင်းစဉ်းစားမှုများ လိုအပ်သည်။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက် (UNCRC) ၏ အခြေခံမူများအား နှလုံးသွင်းထားလျှင် အသုံးဝင်သည်။ ဤသင်ခန်းစာတွင်

- UNCRC ၏ အပိုဒ်ခွဲ ၃ နှင့် ၁၂ တို့၏ အရေးပါအရာရောက်မှုကို နားလည်စေရန်
- WFCL အတွက် အခြားရွေးချယ်စရာများကို နားလည်စေရန်
- မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားစောင့်ကြည့်လေ့လာရေးစနစ် (CLMS) ၏ လုပ်ဆောင်ချက်များကို စာရင်းပြုစုရန်
- ကလေးများအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခံရခြင်း အခြေအနေမှ ရုန်းထွက်ရန်ကူညီမှုတွင် စတင်လုပ်ဆောင်ရမည့်အဆင့်များကို နားလည်စေရန် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

**စတင်လေ့လာဖို့အဆင်သင့်ဖြစ်နေပြီလား။**

သင်ခန်းစာ ၃/၇

# ▶ အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်များ၏ အခြေခံမှုများ

## သင်သိပါသလား။

**အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ပြဋ္ဌာန်းချက် အမှတ်(၁၈၂) အရ WFCL ဆိုသော အသုံးအနှုန်းအား သင်မည်သို့နားလည် သဘောပေါက်ပါသနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ (က) ဘယ်လို ကလေးအလုပ်သမားပုံစံမျိုးလဲ။
- ☐ (ခ) အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း
- ☐ (ဂ) အဆိုးရွားဆုံးပုံစံဖြင့် စျေးသက်သာသော အလုပ်သမားခိုင်းစေခြင်း

## UNCRC ၏အပိုဒ်ခွဲ ၃




ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက်သည် ကလေးသူငယ်အခွင့်အရေးများအား ကာကွယ်ရန် ရေးဆွဲပြဋ္ဌာန်းခဲ့သမျှ သဘောတူညီချက်များအနက် ပြည့်စုံကျယ်ပြန့်မှုအရှိဆုံးနှင့် ဥပဒေကြောင်းအရ မဖြစ်မနေ လိုက်နာဆောင်ရွက်ရသည့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်တွင် ကလေးသူငယ်ဆိုသည်မှာ အသက် ၁၈ နှစ်အောက် မည်သူ့ကိုမဆို သတ်မှတ်ထားခြင်းဖြစ်ပါသည်။

ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂပြဋ္ဌာန်းချက် အပိုဒ်ခွဲ ၃ အရ "အများပြည်သူ သို့မဟုတ် ပုဂ္ဂလိက လူမှုဖူလုံရေးအဖွဲ့အစည်းများ၊ ဥပဒေတရားရုံးများ၊ အုပ်ချုပ်ရေးအာဏာပိုင်များ သို့မဟုတ် ဥပဒေပြုရေးအဖွဲ့အစည်းများက ကလေးသူငယ်များနှင့် ပတ်သက်သည့် လုပ်ဆောင်ချက်တိုင်းတွင် ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးဖြစ်ထွန်းစေရန် အဓိက ထည့်သွင်းစဉ်းစားရမည်" ဟု ဖော်ပြထားပါသည်။ ယင်းသည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း (WFCL) တွင် ကလေးများအတွက် ဖယ်ရှားခြင်းနှင့် ကုစားခြင်းတို့အတွက် နောက်ကွယ်တွင် ရှိသော အခြေခံမူတစ်ခုဖြစ်သည်။ ယင်းသည် အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း (WFCL) တွင် ကလေးများအတွက် ဖယ်ရှားခြင်းနှင့် ကုစားခြင်းတို့ဆောင်ရွက်ရန် လုပ်နိုင်စွမ်းရှိသူမည်သူမဆိုသည် ကလေးမိဘများ၊ အဖွဲ့အစည်းများနှင့် လူမှုဝန်းကျင်ခေါင်းဆောင်များကဲ့သို့ အခြားသူများ၏ အကျိုးစီးပွားထက် ကလေးများအတွက် အကောင်းဆုံးအကျိုးဖြစ်ထွန်းစေရန် အမြဲတမ်းဦးစားပေးဆောင်ရွက်ရမည်ဟု ဆိုလိုသည်။

> **မှတ်ချက်။** ကလေးများ၏ အကောင်းဆုံးအကျိုးစီးပွားဟုဆိုသော အယူအဆမှာ ကလေး၏ အခြေခံအခွင့်အရေးများအား အသိအမှတ်ပြုမှုနှင့် လေးစားမှုမရှိသောအခြေအနေတွင် ကလေး၏ အကောင်းဆုံးအကျိုးစီးပွားနှင့်ပတ်သက်၍ မည်သူကမျှ ဆုံးဖြတ်ချက်ချခြင်းနှင့် တစ်စုံတစ်ရာပြုလုပ်ပိုင်ခွင့် မရှိခြင်းဟု ဆိုလိုပါသည်။

## UNCRC ၏အပိုဒ်ခွဲ ၁၂




UNCRC ၏ အပိုဒ်ခွဲ ၁၂ အရ ကလေးများသည် အထူးသဖြင့် ၎င်းတို့၏ အသက်အရွယ်နှင့် ရင့်ကျက်မှုအရ ၎င်းတို့၏ ကိုယ်ပိုင်ဘဝများအား သက်ရောက်စေသည့် ဆုံးဖြတ်ချက်ချမှတ်ရမည့်အနေအထားတွင် ၎င်းတို့၏ သဘောထားအမြင်များအား စုစည်းရန်နှင့် ထုတ်ဖော်ရန် အခွင့်အရေးရှိသည်ဟု တောင်းဆိုထားပါသည်။ ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း ခေါင်းစဉ်အောက်တွင် ကလေးလုပ်သားအတွက် အခြားရွေးချယ်စရာများ အား ဆုံးဖြတ်ချက်ချရာတွင်ကလေးအတွက်မဟုတ်ဘဲကလေးနှင့်အတူ ဆုံးဖြတ်ချက်ချရန်ဖြစ်သည်။ ဥပမာအနေဖြင့် လက်တွေ့တွင် အခြေအနေဆိုးမှရုန်းထွက်ရန် ကြိုးစားသည့် ကလေးများအား ၎င်းဆက်လက်လုပ်ဆောင်လိုသော ပညာရေး သို့မဟုတ် သင်တန်းနှင့်ပတ်သက်၍ ရွေးချယ်စရာကို ထောက်ပံ့ပေးရမည်ဖြစ်သည်။

ယင်းမှာ မည်သည်ကိုရွေးချယ်ရမည်ဟု ကလေးများ၏ မိဘများ၊ လူမှုဝန်ထမ်းများ သို့မဟုတ် အခြားသူများက ကလေးများအတွက် ဆုံးဖြတ်ချက်ချရန် မဟုတ်ပေ။

## UNCRC
## ပုဒ်မ ၃ နှင့် ၁၂



### လေ့လာမှုမှတ်တိုင်

ပုံမှန် အသက် ၇ နှစ်အရွယ် ကလေးတစ်ဦးကဲ့သို့ ကျောင်းတက်ခြင်း နှင့် သူငယ်ချင်းများနှင့် ကစားခြင်းတို့ လုပ်ရမည့်အစား ဝါဝါသည် အလုပ်လုပ်ရန်အတွက် ဒုတိယတန်းမှာပင် ကျောင်းထွက်ခဲ့ရပါသည်။ နေထိုင်မကောင်းသော မိဘများက အလုပ်လုပ်နိုင်စွမ်းမရှိတော့သလို မောင်ငယ်တစ်ယောက်ကိုလည်း ကျွေးမွေးရန်နှင့် ကျောင်းထားနိုင်ရန် အတွက် ရွေးချယ်စရာ အများကြီးမရှိသော ဝါဝါသည် ၎င်းတို့မိသားစု အသက်ဆက်နိုင်ရန်အတွက်လုပ်ဆောင်နိုင်စွမ်း ရှိသည့် တစ်ဦးတည်းသော သူဖြစ်လာခဲ့ပါသည်။ ဝါဝါ အသက် ၁၄ နှစ်အရွယ်တွင် အိမ်နီးချင်း တစ်ဦး၏အဆက်အသွယ်မှတစ်ဆင့်  အခြားအသက်၁၄နှစ်အရွယ်မိန်းကလေးတစ်ဦး  နှင့် အတူ မိုင်းတွင်းတစ်ခု၌အလုပ်ရခဲ့ကြသည်။ ထိုအလုပ်သည်တစ်နေ့လျှင် အလုပ်ချိန် ၁၀ နာရီ အထိ လုပ်ရပြီး  ကျောက်တုံးများ  မ, ရာမှတစ်ဆင့် ဒဏ်ရာများလည်း ရရှိနိုင်ပါသည်။ ဝါဝါတို့ နှစ်ဦးစလုံးသည်  မည်သူကမျှ ကျောင်းမပြီးခဲ့ကြပေ။

ဝါဝါနှင့် မိုးမိုးတို့အား အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားစေခိုင်းခြင်း (WFCL) မှ ရုန်းထွက်နိုင်စေရန် ကူညီရန် လိုအပ်ကြောင်းကို လူမှုဝန်ထမ်းတစ်ဦးမှ နားလည်လက်ခံခဲ့ပြီး ၎င်းတို့အား  ရွေးချယ်စရာများ ကမ်းလှမ်းခဲ့ပါသည်။

**UNCRC ၏အပိုဒ် ၃နှင့်၁၂ အရ အောက်ပါရွေးချယ်စရာများအနက် မည်သည်ကိုထည့်သွင်းစဉ်းစားရမည်နည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — လူမှုဝန်ထမ်းက ဝါဝါနှင့် မိုးမိုး အား ၎င်းတို့၏ လုပ်နိုင်စွမ်းနှင့် စိတ်ဝင်စားမှု၊ ၎င်းတို့၏ မိသားစုအခြေအနေ၊ ၎င်းတို့ပတ်ဝန်းကျင်တွင် ရရှိနိုင်သည့် ရွေးချယ်စရာများ စသည်တို့ကို ထည့်သွင်းစဉ်းစား၍ ၎င်းတို့အနေဖြင့် မည်သည့်အရာကို လုပ်ဆောင်နိုင်ကြောင်းတို့ကို နားလည်နိုင်စေရန် ရှင်းပြပြောဆိုသည်။
- ☐ ခ — ဝါဝါနှင့် မိုးမိုးတို့အား ကုစားမှုပြုလုပ်ရန်အတွက် အနီးအနားရှိကျောင်းသို့ စေလွှတ်သည်။
- ☐ ဂ — ဝါဝါနှင့် မိုးမိုးတို့၏ မိဘများအား ခေါ်ယူပြီး ကလေးအလုပ်သမားအကြောင်းနှင့်ပတ်သက်၍ အသိပညာပေးသည်။

**ကလေးတစ်ယောက်အား အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းအစား မည်သည့်ရွေးချယ်စရာများ ပေးနိုင်ပါသနည်း။**

သင်ခန်းစာ ၄/၇

# အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း၏အလွန်

## အမှိုက်တောင်ကြီး

ဖိုးဝသည် အသက် ၁၅ နှစ်အရွယ်ရှိ လှိုင်ထွန်းဦးတို့ အကြောင်းကို ပြန်ပြောခဲ့သည်။ ၎င်းတို့နှစ်ဦးသည် မော်လမြိုင်မြို့အနီးအနားရှိ အမှိုက်တောင်ကြီးတွင် အလုပ်လုပ်ကြပြီး တောင်လိုယာလိုပုံ နေသော အမှိုက်ပုံကြီးထဲမှ ပြန်လည်အသုံးပြုရနိုင်သော ပစ္စည်းများကို ကောက်ယူခဲ့ကြသည်။ ထိုအမှိုက်ပုံကြီးတွင် ဆေးရုံသုံးစွန့်ပစ်ပစ္စည်းများလည်း ပါဝင်နေသဖြင့် ယင်းနေရာတွင် လုပ်ကိုင်ရသည်မှာ အန္တရာယ်မည်မျှကြီးမားကြောင်း ဖော်ပြနေသည်။တစ်ခါတလေ ရတနာရှာတယ်ဆိုပြီး ထင်မိကြပေမယ့် သင်ဟာ အဆိုးရွားဆုံးထိခိုက်မှုတွေနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ အမှိုက်တောင်ကြီးထဲမှာ မိဘအုပ်ထိန်းသူမရှိဘဲ အမှိုက်ကောက်ပြီး ဆေးထိုးအပ်စူးနိုင်ခြေ၊ အဆုတ်ရောဂါရနိုင်ခြေတွေကို စဉ်းစားကြည့်ပါ။ ဒီအခြေအနေအစား အခြားရွေးချယ်စရာအခြေအနေတွေ ရှိသင့်ပါတယ်။

လှိုင်ထွန်းဦး ရဲ့ ဒီဇာတ်လမ်းလေးကို ဖတ်ကြည့်ကြည့်ပါ။



**ဘယ်အရာတွေက သူ့ကို ကလေးအလုပ်သမားအဖြစ်လုပ်ကိုင်စေလဲဆိုတာ လေ့လာရန် လှိုင်ထွန်းဦးရဲ့ ဇာတ်လမ်းကိုဖတ်ပါ။**

## ဖြစ်ရပ်ဇာတ်လမ်း

## အမှိုက်တောင်ကြီး (ရေးသားသူ – မောက်ခမ်းဝါ)

ဒီအမှိုက်ပုံမှာ မိသားစု (၈) စု နဲ့ လူ ၃၀ လောက်အလုပ်လုပ်ကြတယ်။ လို့ ဒီနေရာအလုပ်လုပ်နေတာ  တစ်နှစ်ရှိပြီဖြစ်တဲ့ (၁၅) နှစ်အရွယ်လှိုင်ထွန်းဦးက ပြောပါတယ်။ တခြားဆို (၁၃) နှစ် လောက်ရှိတဲ့ ကောင်မလေး နှစ်ယောက်လည်း ဒီမှာ အလုပ်လုပ်နေသေးတယ်။ တခြားကလေးတွေကတော့ အဖေအမေတွေနဲ့ လိုက်လာပြီး အဖိုးတန်တာလေးတွေများရှိမလားလို့ လာရှာကြတာပါ။ ဒီအမှိုက်ကျင်းကို လာတဲ့ကားနှစ်မျိုးရှိတယ်။ စည်ပင်ကားရယ် အပြင်ကားရယ်။ အပြင်ကားပေါ်ကအမှိုက်တွေကိုတော့ ကားပေါ်အမြန်တတ်နိုင်တဲ့သူရတာပဲ။ ကျွန်တော်တို့ရန်မဖြစ်ကြဘူး။ အားလုံးခင်ခင်မင်မင်ပဲ။

အနံ့တွေ မီးခိုးငွေ့တွေကိုအေးဆေးခံနိုင်တယ်။ တစ်ခါကတော့ အဆုတ်ပွတာ ဖြစ်ဖူးတယ်။  ကိုယ့်ဟာကို ဆေးဝယ်သောက်လိုက်တာ သက်သာသွားပြီ။ အော်ဈေးချိုကလာတဲ့ ကားတစ်စီးကျန်သေးတယ်။ ကျွန်တော်တို့က မုန့်ကားကြီးလို့ခေါ်တယ်။ မုန့်အကျန်တွေ ယူယူလာတတ်လို့။ ဒါက ဟိုတယ်ကသယ်လာတဲ့ မစင်ထုတ်တွေ။

သား ခုနစ်တန်းမှာ ကျောင်းထွက်လိုက်တယ်။ ညီမလေးကို စောင့်ရှောက်ဖို့ ကျောင်းထားပေးဖို့ အလုပ်လုပ်ရမယ်လေ။ ဆောင်းဘောက်တစ်ခုလောက်လိုချင်လို့ အမှိုက်ပုံက ရတဲ့ ဟာတွေနဲ့ ကိုယ့်ဟာကို ဆင်ထားတာ။ တစ်လကို တစ်သိန်းခွဲလောက်ရတယ်။ (၁၅၀,၀၀၀ ကျပ်)ရသမျှအကုန်အဖိုးနဲ့ အဖွားကို ပြန်ပေးလိုက်တာ။ M150 သောက်ချင်လို့ မုန့်ဖိုးတော့ ပြန်တောင်းတယ်။ ဆေးထိုးအပ်က တစ်ပိဿာတစ်ထောင်။ ရိုးရိုးကော်က သုံးရာ။ ကြေးက ခြောက်ထောင်။

အဖေက ဆုံးသွားပြီ။ အရက်မူးနေတဲ့အချိန် ဝမ်းကွဲညီက သတ်သွားတာ။ အကြွေးကိစ္စလို့ ထင်တာပဲ။ အမေက ရှမ်းပြည်မှာ ဘာလို့ထွက်သွားလည်းမသိဘူး။ သားကယောက်ျားလေးပဲလေ။ ညီမလေးရဲ့ အဆောင်ခအတွက် ပိုက်ဆံရှာပေးနိုင်တယ်။

## အခြားဘဝအခြေအနေ

ဟုတ်ပါတယ်။ လှိုင်ထွန်းဦးအတွက် အခြားရွေးချယ်စရာဘဝတွေ ရှိနိုင်ပါတယ်။ အခြားရွေးချယ်နိုင်စရာဘဝတွေကို ကြည့်ဖို့အတွက် အောက်မှာ ကြည့်လိုက်ပါ။

- စာသင်ကျောင်းကို ပြန်တက်နိုင်ပါတယ်။
- ကျောင်းပြင်ပ ပညာရေးကို သင်ယူနိုင်ပါတယ်။ ကျောင်းမှာ သက်မွေးဝမ်းကျောင်းပညာရပ်တွေကို သင်ယူနိုင်ပါတယ်။
- အလုပ်သင်အလုပ်တွေ လုပ်နိုင်ပါတယ်။
- ပညာရပ်တစ်ခုကို သင်ယူရာမှာ စိတ်နှစ်မြှုပ်ပြီး သင်ယူနိုင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် အဲဒီပညာရပ်ဟာ ကလေးရဲ့ လုပ်နိုင်စွမ်း၊ စိတ်ဝင်စားမှုတို့နဲ့ ကိုက်ညီမှုရှိဖို့လိုပါတယ်။

> **မှတ်ချက်။** ဤရွေးချယ်စရာများမှာ ဝင်ငွေလျော့နည်းသွားခြင်း သို့မဟုတ် ဝင်ငွေလုံးဝမရှိတော့ခြင်းများ စသော ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲများ ယှဉ်တွဲပါလာခြင်း၊ ကျောင်းနှင့်ဝေးကွာသွားသဖြင့် ကလေးမှ ကျောင်းပြန်တက်ရန် စိတ်မပါတစ်ပါဖြစ်နေခြင်း၊ မိဘများမှ ကျောင်းပညာရေးကို တန်ဖိုးမထားခြင်း၊ ကျောင်းမှာ နေထိုင်သောနေရာနှင့် အလှမ်းဝေးခြင်း သို့မဟုတ် ကျောင်းတက်ရန် မလုံခြုံခြင်း စသည့် နောက်ဆက်တွဲစိန်ခေါ်မှုများရှိလာနိုင်ပါသည်။

## အခြားရွေးချယ်နိုင်စရာများကိုတင်ပြခြင်း။

လှိုင်ထွန်းဦးနဲ့ တွဲပြီး မီးခိုးငွေ့တွေ ထူထပ်နေတဲ့ တောင်ပေါ်မှာ အလုပ်လုပ်နေတဲ့ ၁၂ နှစ်အရွယ် မနှင်းကို တွေးကြည့်ပါ။ လှိုင်ထွန်းဦးကဲ့သို့သော ကလေးသူငယ်တစ်ဦးသည် ကလေးအလုပ်သမားအခြေအနေမှ အောင်မြင်စွာ ဖယ်ထုတ်နိုင်ပြီး အခြားရွေးချယ်စရာလမ်းကို ပံ့ပိုးပေးနိုင်ပုံကို အောက်တွင် မနှင်း၏ဇာတ်လမ်းက ဥပမာပေးထားသည်။




အဘွားရေ.. သူက နော်မီပါ၊ အဘွားကို နှုတ်ဆက်ချင်လို့ လိုက်လာတာပါ။
မင်္ဂလာပါ သမီးလေး.. တွေ့ရတာ ဝမ်းသာပါတယ်။
တွေ့ရတာ ဝမ်းသာပါတယ် အဘွား။
ကျွန်မ ညီမလေး နှင်းကို အမှိုက်ကောက်နေတာ တွေ့ပါတယ်။ အဲ့ဒီနေရာဟာ ညီမလေး အတွက် မလုံခြုံပါဘူး။ ညီမလေးကို အမှိုက်ကောက်ခိုင်းမယ့်အစား ကျောင်းထားပေးလို့ မရနိုင်ဘူးလား။
ဟုတ်တယ်.. အဘွားက မြေးလေးကို ကျောင်းတက်စေချင်ပါတယ်။ ဒါပေမဲ့ အဘွားက အသက်အရမ်းကြီးနေတော့ အဘွားတို့ စားဖို့ လုံလောက်အောင်ငွေမရှာနိုင်တော့ဘူးလေ။ ကျောင်းထားဖို့လည်း မတတ်နိုင်ဘူး။ အဘွားတို့မှာ ဒီအလုပ်လေးပဲရှိတယ်။
သမီး ကျောင်းမသွားချင်ဘူး၊ ကလေးတွေ အားလုံးက သမီးထက် ငယ်ကြတော့ သမီးကို လှောင်ကြလိမ့်မယ်။
ကျွန်မတို့ရဲ့ NGO က နှင်း လိုမျိုး ကလေးတွေကို အန္တရာယ်ရှိတဲ့ အလုပ်တွေ မလုပ်စေဖို့ ကာကွယ်ပေးပြီးတော့ ကျောင်းတက်နိုင်ဖို့ ကူညီပေးပါတယ်။
နှင်း.. ဒီမှာ တခြား ရွေးချယ်စရာတွေလည်း ရှိပါသေးတယ်။
အလွတ်သဘော/ အသက်မွေးဝမ်းကျောင်း သင်တန်းတွေ၊ အလုပ်သင် သင်တန်းတွေ ဒါမှမဟုတ် ကိုယ်နှစ်သက်တဲ့ တခြားပညာရပ်တွေကိုလည်း သင်ကြားနိုင်ပါတယ်။
Training Options
Formal School
Vocational School
Apprenticeship
Skills
Computer
အခုလို ကြားရတာ ဝမ်းသာလိုက်တာ၊ ဒါပေမဲ့ ပိုက်ဆံရှာဖို့ ဘယ်လိုလုပ်ကြမလဲ၊ တကယ်လို့ နှင်း အလုပ်မလုပ်တော့ရင် အဘွားတို့ ဘာနဲ့ စားကြမလဲ။ အဘွားတို့ ဘယ်လို ရပ်တည်ရမလဲ။
ဒီအတွက် ရွေးချယ်စရာတွေ ရှိပါတယ်။ ကျွန်မ အဘွားကို လူမှုဖူလုံရေးရုံးကို အကူအညီတောင်းလို့ရအောင် ခေါ်သွားပေးမယ်။
တကယ်လို့ အဘွားစိတ်ဝင်စားတယ်ဆိုရင် ကျွန်မရဲ့ သူငယ်ချင်းက အဘွားကို အသီးအရွက်စိုက်ခင်းလေးတစ်ခု ထောင်ပေးပြီးတော့ ယိုစုံတွေနဲ့ အသီးအရွက်တွေ အချဉ်တည်ပြီး ရောင်းနိုင်ဖို့ သင်ပေးသွားမှာပါ။
JAM
PICKLE
ဒါမှမဟုတ် စားစရာတွေရောင်းဖို့ အဘွားကို ဆိုင်ကလေးတစ်ဆိုင်ဖြစ်ဖြစ် သူတို့ထောင်ပေးမှာပါ။
SHOPS
ပြီးတော့ ကျွန်မလည်း နှင်းကို အန္တရာယ်မရှိတဲ့ အချိန်ပိုင်းအလုပ်ကလေး တစ်ခုရအောင် ရှာပေးနိုင်ပါတယ်။ သူလည်း ကျောင်းတက်လို့ ရသွားတာပေါ့။




## အဓိကလူပုဂ္ဂိုလ်များ

နှင်းနဲ့ လှိုင်ထွန်းဦးကဲ့သို့ ကလေးများအား အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်းမှ ဖယ်ရှားရန်နှင့် ပြန်လည်ကုစားသော လုပ်ငန်းစဉ်တွင် ပါဝင်သော အဓိကပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍမှာ မည်သည့်အရာများ ဖြစ်ပါသနည်း။

အဓိကပုဂ္ဂိုလ်များအကြောင်းပိုမိုသိရှိနိုင်ရန် အောက်တွင် ဆက်လက်ဖတ်ရှုပါ။

### အလုပ်သမားသမဂ္ဂများ

- လုပ်ငန်းခွင်အား လည်ပတ်ကြည့်ရှုနိုင်ရန်နှင့် အလုပ်သမားအတွက် လက်လှမ်းမီနိုင်အောင် လုပ်ဆောင်ပါ။ (ငယ်ရွယ်သော အလုပ်သမားများ၊ မိဘများ စသည်ဖြင့်) ။
- အသက်မပြည့်သေးသော ကလေးအလုပ်သမားများအား ဖော်ထုတ်၍ အလုပ်သမား စစ်ဆေးရေးအရာရှိနှင့် အသိပေးပါ (အလုပ်သမားနှင့်ပတ်သက်၍ စစ်ဆေးရန်၊ အလုပ်ရှင်များအား အကြံဉာဏ်ပေးရန်စသည်)။
- လူမှုဖူလုံရေးဌာန (သို့မဟုတ် ၎င်းနှင့် လုပ်ငန်းဆောင်တာချင်းတူသော ဌာန) များအား ကလေးအတွက် အကဲဖြတ်ရန်နှင့်  အထောက်အကူပေးရန် အတွက် ကူညီပါ။

### လုပ်ငန်းရှင်အဖွဲ့အစည်းများ

- လူငယ်အလုပ်သမားများအား ဥပဒေနှင့်အညီ ကာကွယ်ရန်အတွက် အစီအမံများထားရှိခြင်း။
- ၎င်းတို့၏လုပ်သားထုအား ကလေးလုပ်သားနှင့်ပတ်သက်၍ အသိပညာပေးမှုမြှင့်တင်ခြင်း။
- ၎င်းတို့အား ထောက်ပံ့ပေးသွင်းသူများ (ကန်ထရိုက်လက်ခွဲများနှင့် ပေးသွင်းသူများ) အနေဖြင့် ကလေးလုပ်သားများအား အသုံးပြုခြင်း မရှိစေရန်အတွက် စောင့်ကြည့်စစ်ဆေးခြင်း။

### အစိုးရမဟုတ်သော အဖွဲ့အစည်းများ

- ကလေးများနှင့် မိသားစုများထံ အကူအညီများ (ဥပမာ– ကျောင်းပြင်ပပညာရေး၊ စီးပွားရေး အားကောင်းစေရန် ထောက်ပံ့မှု၊ သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းပေးခြင်း စသည်ဖြင့်) ကို ထောက်ပံ့ခြင်း။
- ကလေးလုပ်သားနှင့်ပတ်သက်၍ အသိပညာပေးမှုမြှင့်တင်ခြင်းနှင့် လူမှုဆိုင်ရာဖွံ့ဖြိုးရေးအစီအစဉ်များ ဖော်ဆောင်ခြင်း။
- ကလေးများအား ကာကွယ်ရန်နှင့် ကလေးအလုပ်သမားပပျောက်ရေးအတွက် မူဝါဒများနှင့် ဥပဒေများအား အကောင်အထည်ဖော်ရန် (ဥပမာ – ကလေးအလုပ်သမားစောင့်ကြည့်လေ့လာရေးစနစ် အကောင်အထည်ဖော်ရန် အတွက် အသုံးစရိတ်များ) အတွက် အစိုးရများအား တာဝန်ခံစေခြင်း။



### လေ့လာမှုမှတ်တိုင်

စီစီသည် ကျေးရွာရှိ မိဘများနှင့် တွေ့ဆုံခဲ့ပြီး WFCL ဖြစ်စဉ်များအတွက် အခြားရွေးချယ်စရာများကို ပြောပြခဲ့သည်။ ထိုမိဘများက ၎င်းတို့၏ကလေးများအား ကျောင်းထားရာတွင် အဟန့်အတားများရှိနေသည်ဟု ခံစားနေရသည်။ ထိုကလေးများကို စီစီ မည်သို့ကူညီနိုင်မည်နည်း။

**WFCL ဖြစ်စဉ်များတွင် အခြားရွေးချယ်စရာများကိုတင်ပြသောအခါ အခြေအနေကိုပိုမိုကောင်းမွန်အောင်မည်ကဲ့သို့ဆောင်ရွက်နိုင်ပါသနည်း။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က — ဆရာ၊ ဆရာမများကို လေ့ကျင့်ပေးရန်နှင့် သင်ထောက်ကူပစ္စည်းသစ်များဝယ်ယူရန် ကျောင်းများကို ထောက်ပံ့ပေးခြင်း။
- ☐ ခ — မိသားစုများအား ဝင်ငွေရရှိနိုင်သော အစီအစဉ်များအားထူထောင်ရန် ဖန်တီးပေးခြင်း။
- ☐ ဂ — စာသင်ကျောင်းများသို့ ကျောင်းသွားကျောင်းပြန်လုပ်ရေးအတွက် ကျောင်းကားများ ထောက်ပံ့ပေးခြင်း။
- ☐ ဃ — WFCL ဖြစ်စဉ်တွင်ပါဝင်နေသော ကလေးများနှင့် လူကြီးပိုင်းစောင့်ရှောက်သူများကိုပါ စာတတ်မြောက်မှု အရည်အချင်း တိုးတက်အောင် ဆောင်ရွက်ပေးခြင်း။

## လူကြီးများက မလုံခြုံသော ကလေးများအား အခြားရွေးချယ်စရာများ မပေးသင့်ဘူးလား။

သင်ခန်းစာ ၅/၇

# အသိုင်းရှားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများအား ခိုင်းစေခြင်း ဖြစ်စဉ်များအား စီမံခန့်ခွဲခြင်း

## ကလေးအလုပ်သမားလေ့လာစောင့်ကြည့်ရေးစနစ်များ၏ ရည်ရွယ်ချက်

ကလေးအလုပ်သမားလေ့လာစောင့်ကြည့်ရေးစနစ်များ၏ ရည်ရွယ်ချက်က ဘာလဲ။

- ကလေးအလုပ်သမားဖြစ်ရန် အန္တရာယ်ရှိနေသော ကလေးများနှင့် ကလေးအလုပ်သမားဖြစ်နေပြီးသော ကလေးများ၏ သတင်းအချက်အလက်များကို စုဆောင်းခြင်း။
- WFCL ဖြစ်စဉ်တွင် ကလေးများ မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်မှုတွင် အဆင်ပြေလွယ်ကူစေရန် စီစဉ်ဆောင်ရွက်ခြင်း။
- ကလေးများအား သင့်လျော်သော အဖွဲ့အစည်းများထံ လွှဲပြောင်းပေးရန် စီမံခြင်း။
- ကလေးများအား ကလေးအလုပ်သမားမဖြစ်စေရေး ကြိုတင်ကာကွယ်ရန်အတွက် အရေးယူဆောင်ရွက်ရန် သင့်လျော်သောတာဝန်ရှိသူများအား တုံ့ပြန်ဆောင်ရွက်စေခြင်း။
- လိုအပ်ပါက ကလေးများအား ၎င်းတို့၏အလုပ်များမှ ကယ်ထုတ်ပြီး ဘေးဥပါဒ်အန္တရာယ်ရှိသော လုပ်ငန်းခွင်နှင့် WFCL ဖြစ်စဉ်များမှ ကာကွယ်ပေးရန် အတွက် ၎င်းတို့၏မိသားစုများအား အခြားရွေးချယ်စရာများဖြင့် ထောက်ပံ့ပေးခြင်း။
- ထပ်မံတုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် အထောက်အပံ့ခံကလေးများ၏ တိုးတက်မှုများနှင့် စိန်ခေါ်မှုများဆိုင်ရာ အကြံပြုချက် အချက်အလက်များကို အလျဉ်းသင့်သလို ထပ်မံလုပ်ဆောင်နိုင်ရန် စုဆောင်းပေးပါ။

## ဖြစ်ရပ်စီမံခန့်ခွဲသူများနှင့် ကလေးအလုပ်သမားလေ့လာစောင့်ကြည့်ရေးစနစ်

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားလေ့လာစောင့်ကြည့်ရေးစနစ်သည် ဖြစ်ရပ်စီမံခန့်ခွဲသူများလက်အောက်ရှိ ကျယ်ပြန့်သော ကလေးကာကွယ်ရေးစနစ်ထဲတွင် ပေါင်းစပ်ထားသည်။ ယင်းစနစ်ကို ကလေးလုပ်သားစီမံခန့်ခွဲရေးစနစ် (CMS) ဟု လူသိများပါသည်။ CMS အောက်တွင် ဖြစ်ရပ်စီမံခန့်ခွဲသူများသည် UNICEF ၏ ပံ့ပိုးကူညီမှုဖြင့် Case Manager များအား လေ့ကျင့်သင်ကြားပေးပြီး မြို့နယ်အဆင့်တွင် ခန့်အပ်တာဝန်ပေးခဲ့ပါသည်။

ထို့ကြောင့် WFCL အခြေအနေများမှ ကလေးများကို ဖယ်ရှားခြင်းအတွက် ကောင်းမွန်သော အစပျိုးအချက်မှာ မြို့နယ်အဆင့် အမှုတွဲမန်နေဂျာများနှင့်/သို့မဟုတ် အမှုတွဲအလုပ်သမားများအပြင် ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) ကဲ့သို့သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်တွဲကာလုပ်ဆောင်ခြင်းဖြစ်သည်။

အခြားနည်းလမ်းဖြင့် ကလေးတစ်ဦးသည် WFCL နှင့်ဆက်နွယ်၍ ရာဇဝတ်မှုဆိုင်ရာ ပြစ်မှု၏ သားကောင်ဖြစ်နိုင်သည်ဟု ယူဆလျှင်သင်သည်လုပ်ငန်းခွင်အား လာရောက်စုံစမ်းစစ်ဆေးရန် အလုပ်သမားဌာန သို့မဟုတ် ရဲတပ်ဖွဲ့ကို ဆက်သွယ်၍မေတ္တာရပ်ခံနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေCase Manager များသည် ကလေး၏လိုအပ်ချက်များအား အကဲဖြတ်ခြင်းနှင့် သင့်လျော်သော အဖွဲ့အစည်းများထံ လွှဲပြောင်းပို့ဆောင်ပေးခြင်းတို့တွင်ပါဝင်သင့်သည်။

## Case Managers များက ဘယ်လိုကူညီကြမလဲ။

ထိခိုက်လွယ်သော ကလေးများ၏ အခြေအနေအား ကောင်းမွန်စွာ အကဲဖြတ်ပါသည်။ ထို့နောက် ထိုကလေးများအား

- ပညာရေးအဖွဲ့အစည်းများ
- ကျန်းမာရေးစောင့်ရှောက်မှုဌာနများ
- စိတ်ပညာနှင့် လူမှုအထောက်အပံ့ကူညီသည့်အဖွဲ့အစည်းများကဲ့သို့ သင့်လျော်သော အဖွဲ့အစည်းတစ်ခုထံ လွှဲပြောင်းပေးပါသည်။

အချက်အလက်များအားCMS အချက်အလက်သိုလှောင်စနစ်တွင်သိမ်းဆည်းထားသောကြောင့် ကလေးများက အသက်အရွယ်ကြီးရင့်လာလျှင် သို့မဟုတ် နေရပ်ရွှေ့ပြောင်းသွားလျှင်ပင် ထောက်ပံ့မှုဆက်လက်ရရှိနိုင်ပါသည်။

## သမားရိုးကျဖြစ်စဉ်

ဖြစ်စဉ်တစ်ခုချင်းစီသည် ကွဲပြားနေသော်ငြားလည်း တူညီသောလုပ်ဆောင်ရမည့်အဆင့်များရှိပါသည်။ နှင်း၏ ဇာတ်လမ်းတွင် စီစီက သူမအား ကူညီခဲ့ပုံကို သတိရပါ။ စီစီ လုပ်ဆောင်ရန်လိုအပ်သည့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**အဆင့် ၁ – စိုးရိမ်ပူပန်ခြင်း။**
နှင်း၏ ဖြစ်စဉ်နှင့် နှင်းလုပ်ကိုင်နေရသော အလုပ်အမျိုးအစားကို စုံစမ်းစစ်ဆေးသူများ သို့မဟုတ် ဥပဒေစိုးမိုးရေးအေဂျင်စီများထံ သတင်းပို့ခြင်း။

**အဆင့် ၂ – ကနဦးအဆင့်ဖော်ထုတ်ခြင်း။**
နှင်းသည် အန္တရာယ်နှင့်ချက်ချင်းကြုံတွေ့နေလျှင် နှင်းအားဆက်သွယ်၍ သူမအား ထိုအခြေအနေမှ လွတ်မြောက်ရန် ကယ်ထုတ်ခြင်း။

**အဆင့် ၃ – အကဲဖြတ်ခြင်း။**
အခြေအနေ၊ လိုအပ်ချက်များ၊ ရွေးချယ်စရာများနှင့် နှင်း၏ဆန္ဒများကို အကဲဖြတ်ခြင်း။

**အဆင့် ၄ – အကူအညီများရယူနိုင်ရန် လွှဲပြောင်းပေးခြင်း**

ပညာရေးကူညီထောက်ပံ့မှု၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ပညာနှင့် လူမှုအထောက်အပံ့၊ တရားမျှတမှုကို လက်လှမ်းမီစေမှု၊ အခြားသော ဝင်ငွေရရှိရေးနည်းလမ်းများနှင့် နှင်းနှင့်သင့်လျော်သော အခြားအကူအညီများ ရရှိအောင် ထောက်ပံ့ပေးခြင်း။

**အဆင့် ၅ – စောင့်ကြည့်လေ့လာခြင်းနှင့် နောက်ဆက်တွဲလုပ်ဆောင်ခြင်း။**
နှင်းအတွက် လိုအပ်ပါက အထောက်အပံ့များကို လိုအပ်သလိုပြင်ဆင်ခြင်း။

## လေ့လာမှုမှတ်တိုင်

**နှင်း၏ဖြစ်စဉ်ကဲ့သို့ WFCL ဖြစ်စဉ်တစ်ခုကိုကိုင်တွယ်ဖြေရှင်းရာတွင် စီစီလုပ်ဆောင်ခဲ့သော အဆင့်တွေကိုသင် မှတ်မိပါသလား။**

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။

- ☐ က စိုးရိမ်ပူပန်ခြင်း။
- ☐ ခ ကနဦးအဆင့်ဖော်ထုတ်ခြင်း။
- ☐ ဂ အကဲဖြတ်ခြင်း။
- ☐ ဃ အကူအညီများရယူနိုင်ရန် လွှဲပြောင်းပေးခြင်း။



**Case Managers များက WFCL ဖြစ်စဉ်များကို ကိုင်တွယ်စီမံနိုင်စေရန် မျှော်လင့်ပါသည်။**

သင်ခန်းစာ ၆/၇

# မိမိကိုယ်ကို အကဲဖြတ်သုံးသပ်ခြင်း

## ဝုဏ်ပြုပါသည်။

သင်ဟာ အခန်းကြီး – ၆။ **အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများအားခိုင်းစေခြင်း ဖြစ်စဉ်များအတွက် ဖယ်ရှားခြင်းနှင့်ကုစားခြင်း** သင်ခန်းစာကို ပြီးစီးလုနီးပါး ရှိသွားပါပြီ။

အောက်ပါအချက်များသည် သင့်အားမည်သည့်လေ့လာမှု ကွာဟချက်များကိုမဆို ဖော်ထုတ်ရာတွင် ကူညီပေးရန် အထူးဖန်တီးထားသော မေးခွန်းများနှင့် အတူ ကိုယ့်ကိုယ်ကို အကဲဖြတ်မှုဖြစ်သည်။ သင်သည် အမှတ်များရရှိနေပြီ ဖြစ်သော်လည်း ယင်းသည် စမ်းသပ်စာမေးပွဲ မဟုတ်သည့်အတွက် အောင်မှတ် မရှိပါ။ သင်၏ ရမှတ်များကို အသုံးပြု၍ မည်သည့်နေရာတွင် လိုအပ်ချက်ရှိသည်ကို ဖော်ထုတ်ကာ ပြန်လည်လေ့လာမှုပြုလုပ်ပါ။

မှန်ကန်သော အဖြေများကို အောက်တွင်ရွေးပါ။ အဖြေမှန်များကို "နောက်ဆက်တွဲ အဖြေများ" တွင် ကြည့်ရှုနိုင်ပါသည်။ သင့်အနေဖြင့် ကိုယ့်ကိုယ်ကို ပြန်လည်အကဲဖြတ်မှုအား သင့်စိတ်ကြိုက် အကြိမ်များစွာပြုလုပ်နိုင်သည်။ ကံကောင်းပါစေ။

## မေးခွန်း ၁ / ၂

ဖြိုးသည် အသက် ၁၁ နှစ်ရှိပြီဖြစ်သည်။ သူသည် သူ၏မိဘများနှင့်အတူ လယ်ယာလုပ်ငန်းခွင်တွင် အလုပ်လုပ်သည်။ သူသည် မိဘများအား ၎င်းတို့ချေးယူထားသော ကြွေးမြီများအားပြန်ဆပ်ရန် ကူညီနေသည်။ ဖြိုး၏အမေသည် သူ၏သမီးအား နားချိန်မရသောကြောင့် အလုပ်မလုပ်စေချင်ဘဲကျောင်းသာတက်စေချင်သည်။

**ဖြိုး၏အမေသည် သူ၏သမီးအား ကာကွယ်ရန် အခြားရွေးချယ်စရာအဖြစ် မည်သည့်အဆင့်များကို လုပ်ဆောင်နိုင်မည်နည်း။**

သင့်လျော်သောအဖြေများကို ရွေးချယ်ပါ။

- ☐ **က** ဖြိုးအား ဈေးဆိုင်တွင် အလုပ်လုပ်ရန် စေလွှတ်ပါမည်။ ထိုအခါ ဖြိုးသည် လယ်ယာလုပ်ငန်းခွင်လောက် မပင်ပန်းသည့်အပြင် ၎င်းအနေဖြင့် ဝင်ငွေလည်း ရှာဖွေနိုင်မည်ဖြစ်သည်။
- ☐ **ခ** လူမှုဖူလုံရေးရုံးသို့သွားပြီး အကူအညီများတောင်းခံပါမည်။
- ☐ **ဂ** ဖြိုးအတွက် အလုပ်ရပြီး အစားကောင်းကောင်း စားရစေရန် သူမ၏ အလုပ်ရှင်ထံတွင် ဖြိုးအတွက် အလုပ်တစ်နေရာပေးရန် တောင်းခံပါမည်။

# မေးခွန်း ၁ / ၂

မြတ်သည် အသက် ၁၂ နှစ်ရှိပြီဖြစ်သည်။ သူသည် အုတ်ဖုတ်လုပ်ငန်းတွင် အတင်းအကျပ်ခိုင်းစေခံနေရသည်။ သူသည် အလုပ်တွင် မပျော်ဘဲ ညအခါတွင် ငိုနေလေ့ရှိသည်။ သူသည် ကျောင်းတက်ချင်ပြီး သူ၏မိဘများအား သူမ ခံစားနေရသည်များကို နားလည်သဘောပေါက်စေချင်သည်။ မြတ်သည် တစ်စုံတစ်ယောက်အား ၎င်းကဲ့သို့ပင် အကာအကွယ်ပေးရန် လိုအပ်နေသော ကလေးများ၏ အဆိုးရွားဆုံးပုံစံဖြင့်  ကလေးအလုပ်သမား ခိုင်းစေခြင်းဖြစ်စဉ်များအား စုံစမ်းစေချင်သည်။ သူသည် ထိုကဲ့သို့ ဘေးဥပါဒ်အန္တရာယ်များသောလုပ်ငန်းခွင်တွင် ဆက်လက်မလုပ်ရစေရန် မည်သို့အကူအညီယူရမည်ကို သိချင်နေသည်။

**မြတ်အား အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားများခိုင်းစေခြင်း အခြေအနေမှရုန်းထွက်ရာတွင် ကူညီနိုင်မည့် တာဝန်ရှိသူများမှဘောင်တစ်ခု ထောက်ပံ့ပေးနိုင်မည့် ပြဋ္ဌာန်းချက်အချို့မှာ မည်သည့်အရာများဖြစ်သနည်း။**

သင့်လျော်သောအဖြေများကို ရွေးချယ်ပါ။

- ☐ က — အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂
- ☐ ခ — UNCRC အပိုဒ်ခွဲ ၃
- ☐ ဂ — မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေး အမျိုးသားအဆင့် ကော်မတီ
- ☐ ဃ — UNCRC ၏ အပိုဒ်ခွဲ ၁၂

သင်ခန်းစာ ၇/၇

# အနှစ်ချုပ်

ယခုသင်ခန်းစာကို သင်မပိတ်လိုက်မီ အောက်ဖော်ပြပါများသည် သင်လေ့လာသင်ယူခဲ့ပြီးသော အဓိကအချက်များ၏ အနှစ်ချုပ်များဖြစ်သည်။

UNCRC ၏ အပိုဒ်ခွဲ ၃ အရ "အများပြည်သူ သို့မဟုတ် ပုဂ္ဂလိက လူမှုဖူလုံရေးအဖွဲ့အစည်းများ၊ ဥပဒေတရားရုံးများ၊ အုပ်ချုပ်ရေးအာဏာပိုင်များ သို့မဟုတ် ဥပဒေပြုရေးအဖွဲ့အစည်းများက ကလေးသူငယ်များနှင့် ပတ်သက်သည့် လုပ်ဆောင်ချက်တိုင်းတွင် ကလေးသူငယ်များအတွက် အကောင်းဆုံးအကျိုးဖြစ်ထွန်းစေရန် အဓိက ထည့်သွင်းစဉ်းစားရမည်" ဟု ဖော်ပြထားသည်။ UNCRC ၏ အပိုဒ်ခွဲ ၁၂ အရ ကလေးများသည် အထူးသဖြင့် ၎င်းတို့၏ အသက်အရွယ်နှင့် ရင့်ကျက်မှုအရ ၎င်းတို့၏ ကိုယ်ပိုင်ဘဝများအား သက်ရောက်စေသည့် ဆုံးဖြတ်ချက်ချမှတ်ရမည့်အနေအထားတွင် ၎င်းတို့၏ သဘောထား အမြင်များအား စုစည်းရန်နှင့် ထုတ်ဖော်ရန် အခွင့်အရေးရှိသည်ဟု တောင်းဆိုထားပါသည်။

ကလေးတစ်ဦးအား WFCL အခြေအနေမှ စတင်ဖယ်ရှားရန်အတွက် လိုအပ်သော အဆင့်များမှာ

- ထိုကလေးများသည် အထူးသဖြင့် အသက်ငယ်လွန်းပါက စာသင်ကျောင်းသို့ပြန်ပို့ခြင်း၊
- ကျောင်းပြင်ပပညာရေးထောက်ပံ့ပေးခြင်း၊
- ကျောင်းတစ်ကျောင်းတွင် သက်မွေးဝမ်းကျောင်း ပညာလေ့ကျင့်ပေးခြင်း၊
- အလုပ်သင်အဖြစ် လုပ်ကိုင်စေခြင်း၊
- ကလေး၏ စိတ်ဝင်စားမှုနှင့် စွမ်းရည်များနှင့် ကိုက်ညီစေရန် ၎င်းစိတ်ပါသော အရည်အချင်းများကို လေ့လာ သင်ကြားစေခြင်းတို့ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားစောင့်ကြည့်လေ့လာရေးစနစ်၏ လုပ်ဆောင်ချက်အချို့တွင် အောက်ပါအချက်များပါဝင်သည်။

- WFCL ဖြစ်စဉ်တွင် ကလေးများအား ဖော်ထုတ်ရာတွင် စီစဉ်ပေးခြင်းနှင့် လွယ်ကူအောင်ကူညီပေးခြင်း၊
- ကလေးများအား သင့်လျော်သည့်အဖွဲ့အစည်းများထံ လွှဲပြောင်းရန်စီမံခြင်း၊
- ကလေးလုပ်သားဖြစ်ရန် အန္တရာယ်ရှိသော ကလေးများ၏ အချက်အလက်များအား စုဆောင်ခြင်း၊
- ကလေးများအား ကလေးလုပ်သား မဖြစ်စေရန်အတွက် ကြိုတင်ကာကွယ်ရန် သက်ဆိုင်ရာတာဝန်ရှိသူများ အား တုံ့ပြန်ဆောင်ရွက်စေခြင်း၊
- လိုအပ်ပါက ကလေးများအား အလုပ်ကြမ်းစေခိုင်းမှုမှ ရုန်းထွက်နိုင်ရန် ကူညီပေးပြီး ၎င်းတို့အား အန္တရာယ်ဖြစ်စေသည့်အလုပ်များမှ ကာကွယ်ပေးရန် အခြားရွေးချယ်စရာများနှင့်အတူ ၎င်းတို့၏ မိသားစု အား ထောက်ပံ့ပေးခြင်းတို့ဖြစ်ပါသည်။

WFCL အတွက် အခြားရွေးချယ်စရာအချို့

- ဖြစ်ရပ်စီမံခန့်ခွဲသူများ သို့မဟုတ် ဥပဒေစိုးမိုးရေးအေဂျင်စီသို့ အစီရင်ခံတင်ပြခြင်း၊
- ကလေးထံဆက်သွယ်ပြီး ၎င်းသည် အန္တရာယ်ချက်ချင်း ကျရောက်နိုင်ခြေရှိလျှင် ထိုအခြေအနေမှ ၎င်းတို့အား ကယ်ထုတ်ခြင်း၊
- ကလေးအတွက် အခြေအနေ၊ လိုအပ်ချက်များ၊ ရွေးချယ်စရာများနှင့် ၎င်း၏စိတ်ဆန္ဒကို အကဲဖြတ်ခြင်း၊
- ကလေးအတွက် ပညာရေးဆိုင်ရာ ထောက်ပံ့မှု၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု၊ စိတ်ပိုင်းနှင့် လူမှုဆိုင်ရာ ထောက်ပံ့မှု၊ တရားမျှတမှုကို လက်လှမ်းမီနိုင်စေမှုနှင့် အခြားဝင်ငွေရလမ်းများကို ထောက်ပံ့ပေးခြင်း၊
- လိုအပ်ပါက ထောက်ပံ့မှုကို ပြင်ဆင်ပြောင်းလဲခြင်း။

# ကိုးကားရည်ညွှန်းချက်များနှင့် အရင်းအမြစ်များ


- The UN Convention on the Rights of the child
- ILO Minimum Age Convention, 1973 (No. 138)
- ILO Worst Forms of Child Labour Recommendation, 1999 (No.190)
- ILO (2018): Combating child labour in Myanmar: A course for Civil Society Organizations (CSO).
- ILO. 2019. HYPERLINK *"https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/---ilo-yangon/documents/publication/wcms_831834.pdf"Assessment of Options for Establishing a Child Labour Monitoring System (CLMS) in Myanmar.*
- ILO. 2020. HYPERLINK *"https://www.ilo.org/wcmsp5/groups/public/---asia/---ro-bangkok/---ilo-yangon/documents/publication/wcms_734405.pdf"Assessment of Vulnerable Youth Economic Integration Opportunities in Myanmar.*
- ILO. n.d. “Child Labour Monitoring (CLM)”, available at: https://www.ilo.org/ipec/Action/Childlabourmonitoring/lang--en/index.htm.


**ကျေးဇူးတင်ပါသည်။ ဤသင်ခန်းစာသည် သင့်အတွက်အသုံးဝင်မယ်လို့မျှော်လင့်ပါသည်။**
**ယခု သင်ခန်းစာကို အောက်ပါလင့်ခ်မှတစ်ဆင့် အွန်လိုင်းတွင်လည်း လေ့လာနိုင်ပါသည်။**
**http://ecampus.iloyangon.org/**

# နောက်ဆက်တွဲအဖြေများ

သင်ခန်းစာ (၃)၊ စာမျက်နှာ ၄

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ အရ WFCL ဆိုသော အတိုကောက် အသုံးအနှုန်းအား သင်မည်သို့ နားလည်သဘောပေါက်ပါသနည်း။

ရွေးချယ်စရာများထဲက (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ပြဋ္ဌာန်းချက်အမှတ် ၁၈၂ တွင် အချို့သော ကလေးအလုပ် သမားခိုင်းစေခြင်းပုံစံများကို အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း WDACL အတိုကောက် အဖြစ် သတ်မှတ်ထားပါသည်။ အသက် ၁၈ နှစ်အောက် မည်သူ့ကိုမဆို WFCL ပုံစံခိုင်းစေခြင်းအား တားမြစ်ကန့်သတ်ထားပြီးထိုပုံစံခိုင်းစေမှုများအားချက်ချင်းဖျက်သိမ်းရန်မှာကမ္ဘာလုံးဆိုင်ရာ ဦးစားပေးကိစ္စဖြစ်သည်။ WFCL ပုံစံတွင် ဘေးဥပါဒ်အန္တရာယ်ရှိသောလုပ်ငန်းခွင်တွင် ခိုင်းစေခြင်းလည်းပါဝင်ပြီး ယင်းခိုင်းစေမှုပုံစံများသည် ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုများဖြစ်ပြီး အရွယ်ရောက်ပြီးသူများကို လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း တားမြစ်ထားသည်။ ဤသင်ခန်းစာ၏ သဘောတရားအယူဆများအား ကောင်းစွာနားလည်သဘောပေါက်စေရန် သင့်အနေဖြင့် **သင်ခန်းစာ ၁ –" ကလေးအလုပ်သမားကိစ္စက ဘယ်လောက်အရေးကြီးပါသလဲ "** နှင့် **သင်ခန်းစာ ၂ – "အထောက်အထားအပေါ်အခြေခံသည့် တုံ့ပြန်မှုများဆောင်ရွက်ခြင်း"** တို့ကို ဦးစွာပြီးမြောက်အောင် လေ့လာရန် တိုက်တွန်းလိုပါသည်။"

သင်ခန်းစာ (၃)၊ စာမျက်နှာ ၆

## လေ့လာမှုမှတ်တိုင်

UNCRC ၏ အပိုဒ်ခွဲ ၃ နှင့် ၁၂ အရ အောက်ပါရွေးချယ်စရာများအနက် မည်သည်ကို ထည့်သွင်းစဉ်းစားရမည်နည်း။

ရွေးချယ်စရာများထဲက (က) နှင့် (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

လူမှုဝန်ထမ်းက ဝါဝါနှင့် မိုးမိုး အား ၎င်းတို့၏ လုပ်နိုင်စွမ်းနှင့် စိတ်ဝင်စားမှု၊ ၎င်းတို့၏ မိသားစုအခြေအနေ၊ ၎င်းတို့ပတ်ဝန်းကျင်တွင် ရရှိနိုင်သည့် ရွေးချယ်စရာများ စသည်တို့ကို ထည့်သွင်းစဉ်းစား၍ ၎င်းတို့အနေဖြင့် မည်သည့်အရာကို လုပ်ဆောင်နိုင်ကြောင်းတို့ကို နားလည်နိုင်စေရန် ရှင်းပြပြောဆိုသည်။

သင်ခန်းစာ (၄)၊ စာမျက်နှာ ၁၁

## လေ့လာမှုမှတ်တိုင်

WFCL ဖြစ်စဉ်များတွင် အခြားရွေးချယ်စရာများကိုတင်ပြသောအခါ အခြေအနေကိုပိုမိုကောင်းမွန်အောင် မည်ကဲ့သို့ဆောင်ရွက်နိုင်ပါသနည်း။

ရွေးချယ်စရာများထဲက (က)၊ (ခ)၊ (ဂ) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

WFCL ဖြစ်စဉ်များတွင် အခြားရွေးချယ်စရာများကို တင်ပြသောအခါ အခြေအနေပိုမိုကောင်းမွန်အောင် လုပ်ဆောင် နိုင်သောအဖြေများမှာ ဆရာများကိုလေ့ကျင့်ပေးရန်နှင့် သင်ထောက်ကူပစ္စည်းအသစ်များဝယ်ယူရန် ကျောင်းများကိုထောက်ပံ့ပေးခြင်း၊ မိသားစုများအား ဝင်ငွေရရှိနိုင်သော အစီအစဉ်များအား ထူထောင်ရန် ဖန်တီးပေးခြင်း၊ စာသင်ကျောင်း သယ်ယူပို့ဆောင်ရေးအတွက် ထောက်ပံ့ပေးခြင်းတို့ဖြစ်သည်။ WFCL ဖြစ်စဉ်တွင် ပါဝင်နေသောကလေးများနှင့် လူကြီးပိုင်းစောင့်ရှောက်သူများကိုပါ စာတတ်မြောက်မှုအရည်အချင်း တိုးတက်အောင်ဆောင်ရွက်ပေးခြင်းသည် WFCL ဖြစ်စဉ်များကို ကြိုတင်ကာကွယ်ရန်နှင့် သက်သာလျော့ပါးစေရန် ထိရောက်သောမဟာဗျူဟာတစ်ခုဖြစ်သည်။အရွယ်ရောက်သော ပြုစုစောင့်ရှောက်သူများနှင့် WFCL အခြေအနေများတွင် ကျရောက်နေသည့် ကလေးများအတွက် စာတတ်မြောက်မှုစွမ်းရည်ကို မြှင့်တင်ခြင်းသည် WFCL ကို ဟန့်တားရန်နှင့် လျော့ပါးသက်သာစေရန် ထိရောက်သော နည်းဗျူဟာတစ်ခုဖြစ်ပြီး ၎င်းသည် မိဘများနှင့် အလုပ်လုပ်ကိုင်သည့်အရွယ်ကလေးများ၏ သင့်တင့်လျောက်ပတ်သောအလုပ်ရရှိရန် အခွင့်အလမ်းများကို တိုးတက်စေမည်ဟု မျှော်လင့်ပါသည်။

သင်ခန်းစာ (၅)၊ စာမျက်နှာ ၁၄

## လေ့လာမှုမှတ်တိုင်

နှင်း၏ဖြစ်စဉ်ကဲ့သို့ WFCL ဖြစ်စဉ်တစ်ခုကို ကိုင်တွယ်ဖြေရှင်းရာတွင် စီစီလုပ်ဆောင်ခဲ့သော အဆင့်များကို သင်မှတ်မိပါသလား။

ရွေးချယ်စရာများထဲက (က)၊ (ခ) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

WFCL ဖြစ်စဉ်တစ်ခုကိုကိုင်တွယ်ဖြေရှင်းရာတွင် ပုံမှန်ပါဝင်ရမည့်အဆင့်များမှာ စိုးရိမ်ပူပန်ခြင်း၊ ကနဦးအဆင့်ဖော် ထုတ်ခြင်း၊ အကဲဖြတ်ခြင်း၊ အကူအညီများရယူနိုင်ရန် လွှဲပြောင်းပေးခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းနှင့် နောက်ဆက်တွဲဆောင်ရွက်ချက်များ ပါဝင်ပါသည်။

သင်ခန်းစာ (၆)၊ စာမျက်နှာ ၁၅

## မိမိကိုယ်ကို အကဲဖြတ် သုံးသပ်ခြင်း

မေးခွန်း ၁/၂

ဖြိုး၏အမေသည် သူ၏သမီးအား ကာကွယ်ရန် အခြားရွေးချယ်စရာအဖြစ် မည်သည့်အဆင့်များကို လုပ်ဆောင်နိုင်မည်နည်း။

ရွေးချယ်စရာများထဲက (ခ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

ဖြိုး၏မိခင်သည် လူမှုဖူလုံရေးရုံးသို့သွားရောက်ကာ အကူအညီတောင်းခံခြင်းဖြင့် သူ၏သမီးအား ကာကွယ်သင့်ပါသည်။ ထိုကဲ့သို့ပြုလုပ်ခြင်းဖြင့် ဖြိုး၏ဝင်ငွေကို အစားထိုးရန် မတူညီသော ရွေးချယ်စရာများကို နားလည်စေရန် အကူအညီပေးနိုင်ပါသည်။ ဥပမာအားဖြင့် လူမှုဖူလုံရေးဝန်ထမ်းသည် ဖြိုးနှင့် သူ့အမေအား သီးနှံစိုက်ခင်းတစ်ခု စတင်ပြီး ရောင်းချရန်အတွက် ယိုစုံနှင့် သနပ်ပြုလုပ်နည်းကို ၎င်းတို့အား ပြသခြင်းဖြင့် ကူညီနိုင်ပါသည်။

မေးခွန်း ၂/၂

မြတ်အား အဆိုးရွားဆုံးပုံစံဖြင့် ကလေးအလုပ်သမားအဖြစ် ခိုင်းစေခြင်း အခြေအနေမှ ရုန်းထွက်ရာတွင် ကူညီနိုင်မည့် တာဝန်ရှိသူအား မူဘောင် တစ်ခု ထောက်ပံ့ပေးနိုင်မည့် ပြဋ္ဌာန်းချက် အချို့မှာ မည်သည့်အရာများဖြစ်သနည်း။

ရွေးချယ်စရာများထဲက (က)၊ (ခ) နှင့် (ဃ) ကိုရွေးချယ်ပါက သင့်အဖြေက မှန်ကန်ပါတယ်။

မှန်ကန်စွာ ကျင့်သုံးပါက ILO ကွန်ဗင်းရှင်း အမှတ် ၁၈၂ နှင့် UNCRC ၏ အပိုဒ် ၃ နှင့် ၁၂ ပါ ပြဋ္ဌာန်းထားသော အခြေခံမူများနှင့် လုပ်ဆောင် ချက်များသည် မြတ် ကဲ့သို့ ကလေးငယ်များကို အန္တရာယ်ရှိသော အလုပ်များ လုပ်ကိုင်ခြင်းမှ လွတ်မြောက်အောင် ကူညီပေးနိုင်သည်။

## မြန်မာနိုင်ငံကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေး အစီအစဉ်သင်ခန်းစာပေါင်းချုပ်

### ကလေးအလုပ်သမားဆိုင်ရာ သိမြင်နားလည်မှုနှင့်အတူ ဆန့်ကျင်တိုက်ဖျက်ရန်အတွက် ဘက်ပေါင်းစုံမှပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့အစည်းများမှ လုပ်ပိုင်ခွင့်အားကောင်းလာစေခြင်း။

ကမ္ဘာပေါ်တွင် သန်းပေါင်းများစွာသော ကလေးများသည် ၎င်းတို့၏အခြေခံအခွင့်အရေး၊ ပညာရေးနှင့် ကလေးဘဝကို ဆုံးရှုံးနေရဆဲဖြစ်ပြီး ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးအတွက် ရပ်တည်ပေးဖို့ အရေးကြီးပါသည်။
"မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အီလက်ထရောနစ်သင်ကြားရေးအစီအစဉ်" သည် ပျံ့နှံ့နေသော ကလေးအလုပ်သမားပြဿနာကို မီးမောင်းထိုးပြရန် ပုံဖော်ထုတ်ထားသည့် ပြီးပြည့်စုံသော အီလက်ထရောနစ် သင်ကြားရေး စနစ်ဖြစ်ပြီး သင်ယူလေ့လာသူများအား ကလေးအလုပ်သမားအရေးအား ထိရောက်စွာကိုင်တွယ် တိုက်ဖျက်ရန် အသိပညာနှင့် ကိရိယာများအဖြစ်ပံ့ပိုး ပြင်ဆင်ပေးထားပါသည်။
ထိတွေ့ဆွဲဆောင်မှုရှိသော မီဒီယာ အကြောင်းအရာများများမှတစ်ဆင့် ၊ အပြန်အလှန်အကျိုးပြုသည့် သင်ခန်းစာများနှင့် လက်တွေ့ဘဝဖြစ်ရပ်လေ့လာမှုများသည် ပါဝင်တက်ရောက်သူများအား ကလေးအလုပ်သမားပုံစံ အမျိုးမျိုး၊ ကလေးအလုပ်သမားဖြစ်ရသည့် အရင်းခံအကြောင်းတရားများနှင့် ၎င်းကလေးများ၏ဘဝ၊ မိသားစုများနှင့် လူ့အဖွဲ့အစည်းများအပေါ် လေးနက်သော သက်ရောက်မှုများကို လေ့လာနိုင်မည်ဖြစ်သည်။ ရှုပ်ထွေးနက်နဲသော ထောက်ပံ့ရေး ကွင်းဆက်များ၊ ဥပဒေပြုရေး၊ ပဋိပက္ခများနှင့် ကလေးလုပ်သားပပျောက်ရေးအတွက် ရည်ရွယ်သည့် ကမ္ဘာလုံးဆိုင်ရာ အစပျိုးမှုများ၊ ကာကွယ်တားဆီးရေးနှင့် ကြားဝင်ဆောင်ရွက်မှုများအတွက် လက်တွေ့ကျသော နည်းဗျူဟာများကို ရှာဖွေရန်ဖြစ်သည်။
သင်သည် သက်ဆိုင်ရာနိုင်ငံသား၊ ပညာပေးသူ၊ စစ်ဆေးရေးအရာရှိ၊ ဆရာ/မ၊ မူဝါဒချမှတ်သူ သို့မဟုတ် လုပ်ငန်းကျွမ်းကျင်သူဖြစ်စေ ဤသင်တန်းသည် သင့်အားခြားနားမှုတစ်ခုပြုလုပ်ရန် ပေးစွမ်းနိုင်ပါသည်။ ကလေးအလုပ်သမား၊ မတရားအလွဲသုံးစားလုပ်မှု၊ ခေါင်းပုံဖြတ်ခံရမှုများကို ရပ်တန့်ရန်နှင့် ကလေးများအားလုံး ၎င်းတို့၏ ကလေးဘဝနှင့်ဆိုင်သော အခြေခံအခွင့်အရေးများကို ခံစားရရှိစေပြီးဘေးကင်းလုံခြုံစွာ ပြုစုပျိုးထောင် ပေးခြင်းအားဖြင့် ပါဝင်ပတ်သက်သူများနှင့် ရပ်ရွာအဖွဲ့ဝင် များအားလုံးကို အခွင့်အာဏာပေးအပ်စေနိုင်ဖို့ရာ ကျွန်ုပ်တို့နဲ့အတူ ပါဝင်ကြဖို့ ဖိတ်ခေါ်အပ်ပါသည်။
ကျွန်ုပ်တို့နှင့်အတူ ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရာတွင် အပြောင်းအလဲအတွက် ချန်ပီယံဖြစ်ကြပါစို့လား။ မြန်မာနိုင်ငံ၏လက်ရှိအခြေအနေမှာ သင်ဟာ ကလေးအလုပ်သမားတိုက်ဖျက်ဖို့အတွက် အရေးကြီးဆုံးပုဂ္ဂိုလ် တစ်ဦးအဖြစ်ရှိနေပါသည်။

**Fundamental Principles and Rights at Work Branch (FUNDAMENTALS)**

International Labour Office
4 route des Morillons
CH-1211 Geneva 22 – Switzerland
T: +41 (0) 22 799 61 11
E: childlabour@ilo.org
W: ilo.org/childlabour
@ILO_Childlabour

**အိုင်အယ်လ်အိုဆက်သွယ်ညှိနှိုင်းရေးရုံး၊ မြန်မာနိုင်ငံ။**

အမှတ် ၁ (က) ၊ ကန်ဘဲ့ (သစ္စာ) လမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း : +၉၅ ၁၇၃၃၆၅၃၈၊ ~၉/ ၅၇၉၉၅၆ / ၅၇၈၉၂၅
ဖက်စ် : +၉၅ ၁၇၃၃၆၅၈၂
အီးမေးလ် : yangon@ilo.org

ISBN 978-92-2-039016-0